# လုံခြုံရေးဝန်ထမ်း
## (ကျား)

MYANMAR – 12 MONTHS, RENEWABLE

## နောက်ခံသမိုင်းကြောင်း

Geres သည် ၁၉၇၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဥရောပ၊ အာဖရိကနှင့် အာရှတွင် လူနေမှုခြေအနေများကို တိုးတက်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို တွန်းလှန်တိုက်ဖျက်ရန် အလုပ်လုပ်နေသည့် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ Geres သည် ရာသီဥတုပြောင်းလဲမှုအား တွန်းလှန်နိုင်ရန် စွမ်းအင်ကဏ္ဍပြောင်းလဲမှုနှင့် အဓိကသက်ဆိုင်သော လုပ်ငန်းနယ်ပယ်တွင်အဓိက လုပ်ဆောင်သည်။ ကျွန်ုပ်တို့သည် စိတ်ဝင်စားသူအားလုံးကို စုစည်းပြီး ဆန်းသစ်သော၊ ဒေသခံတွင်းရရှိနိုင်သော ဖြေရှင်းချက်များအခြေခံသည့် ထုတ်လုပ်မှုကို ပံ့ပိုးပေးသည်။ ဒေသရာသီဥတုအား ကောင်းမွန်စေသော စွမ်းအင်သုံးစွဲသည့် အလေ့အကျင့်များကိုပံ့ပိုးကူညီပေးသည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှု ကြောင့် အထိခိုက်ခံရဆုံးသူများအတွက် အားလုံးတက်ကြွစွာပါဝင်လှုပ်ရှားရန် လှုံ့ဆော်ပေးသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းများတွင် ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးရန် နှင့် အလုပ်အကိုင်နှင့်ဝင်ငွေ အခွင့်အလမ်းများ ဖန်တီးပေးသော ရေရှည် ဖြေရှင်းချက်များအားမျှဝေပေးရန် အဓိက ဖြစ်သည်။ ကျွန်ုပ်တို့သည် ပါဝင်သူများအား မည်သူမဆို ဦးဆောင်ခွင့်ရစေရန်အတွက်လည်း အဓိကထား လုပ်ဆောင်ပါသည်။ ကောင်းမွန်သော ပြောင်းလဲမှုများကို ဦးဆောင်ပြုလုပ်နိုင်ရန် နှင့် ရာသီဥတု ပြောင်းလဲမှု ဆိုးကျိုးအားတွန်းလှန်နိုင်ရန် နည်းစနစ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း သင်တန်းများအား မည်သူမဆို ပါဝင်နိုင်စေရန် အခွင့်အလမ်းများ ဖန်တီးထားပါသည်။

၂၀၁၅ ခုနှစ်မှ စ၍ မြန်မာနိုင်ငံတွင် Geres သည် ချက်ပြုတ်ခြင်း၊ မီးအလင်းရရှိရေး၊ နေအိမ်ကောင်းမွန်မှု တို့အတွက် ထိရောက်သော စွမ်းအင်ဖြေရှင်းချက်များကို ဝေးလံခေါင်းဖျားဒေသများသို့ ကျယ်ပြန့်စွာ ဖြန့်ချီရန် ဦးစားပေးဆောင်ရွက်ခဲ့သည်။ ဝေးလံခေါင်းဖျား ကျေးလက်စျေးကွက်များတွင် အရည်အသွေးနိမ့်သော ထုတ်ကုန်များရှိနေပြီး ၎င်းတို့၏စျေးနှုန်းသက်သာမှုကြောင့် မိသားစုများ၏ ရွေးချယ်မှုဖြစ်လာသည်။ စျေးကွက်လက်လှမ်းမမှီမှု၊ ကျေးလက်နှင့်ကိုက်ညီသောငွေပေးချေမှုစနစ်မရှိမှုနှင့် သတင်းအချက်အလက်များ မရရှိမှု များသည် အသုံးပြုသူမိသားစုများ၏ စွမ်းအင်ဖြေရှင်းချက်ရှိသည့်ထုတ်ကုန်များ ဝယ်ယူသုံးစွဲသော အလေ့အကျင့်သို့ပြောင်းလဲရန် အတွက် အဓိက အဟန့်အတား ဖြစ်သည်။

ဤပြဿနာ ကို ဖြေရှင်းရန် Geres သည် အလင်းတန်း ကုမ္ပဏီ ဟူသော အမျိုးသမီးဒေသခံ ဖြန့်ချီရေးကွန်ယက် ကိုတည်ထောင်၍ မြန်မာနိုင်ငံ ဝေးလံခေါင်းဖျားကျေးလက်ဒေသများသို့ အရည်အသွေးမြှင့်ထုတ်ကုန်များ ဖြန့်ချီပေးနေသည်။ အလင်းတန်းကုမ္ပဏီသည် မီးဖိုချောင်သုံး ချက်ပြုတ်ပစ္စည်းများ၊အိမ်သုံးလျှပ်စစ်ပစ္စည်းများ ၊အိမ်သုံး ဆိုလာမီးပစ္စည်းများကို မိသားစုနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများအား ဖြန့်ချီပံ့ပိုး ပေးလျှက်ရှိပါသည်။ အလင်းတန်းကုမ္ပဏီ၊ ဒေသခံအမျိုးသမီးဖြန့်ချီသူကွန်ယက်မှ အသုံးပြုသူများအား သတင်းပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့ကို ပြုလုပ်၍ ကျေးလက်ဒေသသို့ စွမ်းအင်ထုတ်ကုန်များကို ပံ့ပိုးပေးပါသည်။

ထုတ်ကုန်များကို ရွေးချယ်ရာတွင် ဒေသခံလိုအပ်ချက် နှင့်ကိုက်ညီသောထုတ်ကုန်များကို ရွေးချယ်ထားပါသည်။ ရောင်းချပြီးဝန်ဆောင်မှုစနစ်ပေးအပ်ခြင်းဖြင့်လည်း အသုံးပြုသူများသို့ ပံ့ပိုးပေးပါသည်။ အသုံးပြုသူများ သင့်တင့်သော ဈေးနှုန်းဖြင့်ဝယ်ယူနိုင်သော ထုတ်ကုန်များကို ရွေးချယ်ထားပါသည်။ အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူသုံးစွဲနိုင်သော ရောင်းချမှုစနစ်ဖြင့်လည်း ဖြန့်ချီပေးပါသည်။ ထုတ်ကုန်များကို ထိရောက်မှုနှင့် တာရှည်ခံနိုင်မှုတို့ပေါ်မူတည်၍ ရွေးချယ်ထားပါသည်။ ထုတ်ကုန်များသည် အသုံးပြုသူအတွက် စွမ်းအင်ကုန်ကျစရိတ်တွေကို လျှော့ချပေးခြင်း၊ ကျန်းမာရေးထိခိုက်မှု မရှိစေခြင်း၊ အာမခံစနစ်ပါဝင်ခြင်း စသည့် အကျိုးကျေးဇူးတွေကိုရရှိနိုင်စေပါသည်။

အလင်းတန်းကုမ္ပဏီ၊ ဒေသခံအမျိုးသမီးဖြန့်ချီရေးကွန်ယက်သည် အမြတ်အစွန်းမယူသော လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်ကုန်ပိုင်း တွင်တည်ထောင်ခဲ့ပြီး Geres သည် ယခုအ ၎င်း၏ ဖွံ့ဖြိုးတိုးတက်ရေး နှင့် မြို့နယ်အသစ်များသို့ ဖြန့်ချီရေးအတွက် ကူညီပံ့ပိုးပေးလျှက်ရှိပါသည်။ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၂၄ ခုနှစ်မှ ၂၀၂၇ နှစ်အထိ အလင်းတန်းကုမ္ပဏီအား ပံ့ပိုးမှုများကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။

ယခုအခါ Geres သည် အဖွဲ့အစည်း၏ တာဝန်များအား ထမ်းဆောင်ရန် အောက်ပါလစ်လပ်ရာထူးအား
ခေါ်ယူလျက် ရှိပါသည်။

**အလုပ်အမည်: လုံခြုံရေးဝန်ထမ်း (၁ ဦး)။**
နေရာ: ။ ရန်ကုန်မြို့၊ Geres ရုံး။
အလုပ်အမျိုးအစား: ၁၂ လ (အစမ်းခန့် ၃ လ)။
အထက်အရာရှိ: Finance, Admin, HR Manager

**ရာထူးနေရာ၏ ရည်ရွယ်ချက်**
လုပ်ငန်းခွင်တွင် ဝန်ထမ်းများ ကျန်းမာဘေးကင်းစွာ စနစ်တကျ အလုပ်လုပ်ကိုင်နိုင် စေရန်။
ရုံးခန်းအဆောက်အဦး အတွင်းအပြင်နှင့် ရုံး ပရဝုဏ်အား ဘေးကင်းလုံခြုံရေးသန့်ရှင်းရေးနှင့်ပတ်သက်သော အခြေအနေအရပ်ရပ်ကို အချိန်နှင့်တပြေးညီ အစီရင်ခံတင်ပြရန်နှင့် အောက်ဖော်ပြပါ တာဝန်နှင့်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်စေရန်ဖြစ်ပါသည်။

**ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ**
၁။ တာဝန်ထမ်းဆောင်ရာ ရုံးအဆောက်အဦး အတွင်းအပြင် ဘေးကင်းလုံခြုံရေးအတွက် အချိန်ပြည့် စောင့်ကြပ်ခြင်း။
၂။ ရုံးလုပ်ငန်းခွင်သို့ ရောက်ရှိလာသည့် ဝန်ထမ်းများ၊ အကျိုးခံစားခွင့်ရှိသူများနှင့် ဧည့်သည်များ၊ ယာဉ်များအား နွေးထွေးပျူငှာစွာ ကြိုဆို၍ အဝင်အထွက်မှတ်တမ်းကို စနစ်တကျစာရင်းသွင်းခြင်း။
၃။ ရုံးပရဝုဏ်အတွင်း ပစ္စည်းတစ်စုံတစ်ရာ မပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပြီး အကယ်၍ ပျောက်ဆုံးမှုအစရှိသည့် ပြဿနာဖြစ်ပွားပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ချက်ချင်း သတင်းပေးပို့ခြင်း။ နေ့စဉ်လှုပ်ရှားမှုများ၊ မမှန်မကန်ဖြစ်စဉ်များအား တင်ပြခြင်း။
၄။ ရုံးနှင့်ရုံးပတ်ဝန်းကျင်အတွင်း မတော်တဆထိခိုက်မှု၊ ခိုးမှု (သို့မဟုတ်) မသင်္ကာဖွယ်ရာ တစ်ခုခု ဖြစ်ပွားပါက တာဝန်ရှိ သူအား အချိန်နှင့်တပြေးညီ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့ခြင်း။
၅။ အရေးပေါ်အခြေအနေတစ်စုံတစ်ရာဖြစ်ပေါ်ပါက သက်ဆိုင်ရာဝန်ထမ်းထံ သတင်းပေးပို့၍ လိုအပ်သော ဆောင်ရွက်မှုများအား ညွှန်ကြားသည့်အတိုင်း အချိန်နှင့်တပြေးညီ စတင်လုပ်ဆောင်ရန်။

၆။ ရုံးလည်ပတ်မှုအတွက် အသုံးပြုသည့် ရေမော်တာစနစ်၊ မီးစက်၊ စက်သုံးဆီ လက်ကျန်အား ပုံမှန်စစ်ဆေးတင်ပြခြင်း။

၇။ အမှိုက်များအား စနစ်တကျ ကိုင်တွယ်သိမ်းဆည်းခြင်းနှင့် သတ်မှတ်လမ်းညွှန်ချက်အတိုင်း စီမံခွဲခြားစွန့်ပစ်ခြင်း။

၈။ ရုံးရှိအပင်များကို ပုံမှန်စစ်ဆေးခြင်း နှင့် ရေလောင်းခြင်း၊ ခြံအတွင်း နေ့စဉ်သန့်ရှင်းရေးပြုလုပ်ခြင်းများကို မပျက်မကွက် ဆောင်ရွက် ရမည် ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါက သက်ဆိုင်ရာဝန်ထမ်းထံ အချိန်မီသတင်းပေးပို့ခြင်း။

၉။ တာဝန်ချထားမှုအတိုင်း လိုက်နာဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက တခြားလုံခြုံရေးဝန်ထမ်း ခွင့်ယူစဉ်အစားထိုး တာဝန်ချိန် လဲလှယ်တာဝန်ထမ်းဆောင်ခြင်း။

၁၀။ လိုအပ်ပါက သီးခြားတာဝန်ပေးအပ်လာမှုများကို ကျေပွန်စွာ ဆောင်ရွက်ခြင်း။

**<u>လိုအပ်သည့် အရည်အချင်းများနှင့် ကျွမ်းကျင်မှုများ</u>**

- အထက်တန်းကျောင်းအဆင့်အောင်မြင်ထားသူ (သို့) အထက်တန်းတက်ရောက်ထားသူဖြစ်ရမည်။
- အရင်အလုပ်မှ ထောက်ခံချက်များပါရှိပါက ပိုမိုဦးစားပေးမည်။
- လုံခြုံရေးဆိုင်ရာ လက်မှတ်များ ရရှိထားသူများကို ဦးစားပေးမည်။
- လုံခြုံရေးဝန်ထမ်းအဖြစ် အတွေ့အကြုံရှိရမည်။
- လုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရမည်။
- စိတ်ရင်းစေတနာကောင်းပြီး ရိုးသားကြိုးစားသူဖြစ်ရမည်။
- ဆုံးဖြတ်ချက်ချမှန်ကန်စွာ ချနိုင်ရမည်။
- မီးသတ်ဆေးဗူးများနှင့် လုံခြုံရေးပစ္စည်းများ အသုံးပြုနိုင်ရမည်။
- ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ပြီး ညတာဝန်များ ထမ်းဆောင်နိုင်ရမည်။

**အလုပ်/လုပ်ငန်းအခြေအနေများ**

- ညနေခင်းများ၊ ရုံးပိတ်ရက်များ၊ အများပြည်သူရုံးပိတ်ရက်များ အပါအဝင် အလှည့်ကျ တာဝန်ထမ်းဆောင်ရမည်။
- မတူညီသော ရာသီဥတုအခြေအနေများတွင် အလုပ်လုပ်နိုင်ရမည်။

**အကျိုးခံစားခွင့်များ**

- လစာနှင့် အချိန်ပိုကြေး။
- ကျန်းမာရေးအာမခံ။
- နာမကျန်းခွင့်ရက်။

လျှောက်လွှာပိတ်ရက်: ၂၀၂၆ အောက်တိုဘာလ ၂၃ ရက် ။

ဆက်သွယ်ရန် GERES ရုံး  - အမှတ် (၃၅)၊ မေတ္တာလမ်းသွယ်၊ မီချောင်းကန် ၂ ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားလျှင်သော်လည်းကောင်း၊ m.theingi@geres.eu သို့ CV ပေးပို့၍ သော်လည်းကောင်း လျှောက်ထားနိုင်ပါသည်။